# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
# စိုက်ပျိုးရေးဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ် - ၂/၂၀၂၂
၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၂)ရက်
၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၉)ရက်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသိပ္ပံများတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း(ကျပ်) | လစ်လပ်နေရာ | ပညာအရည်အချင်း |
|---|---|---|---|
| (၁) | နည်းပြ (စိုက်ပျိုးရေး/လက်ထောက်ဥယျာဉ်အုပ်)<br>နည်းပြ(မွေးမြူရေး)<br>(၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | (၁၉)နေရာ | B.Agr.Sc ဘွဲ့ရ<br>B.V.Sc/B.A.Sc ဘွဲ့ရ |
| (၂) | ဒုတိယနည်းပြ<br>(စိုက်ပျိုးရေး/မွေးမြူရေး)<br>(၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀) | (၁၃)နေရာ | B.Agr.Sc/B.A.Sc ဘွဲ့ရ |
| (၃) | ဒုတိယနည်းပြ(သိပ္ပံ)<br>(၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀) | (၂)နေရာ | B.Sc(Physics)/<br>B.Sc(Maths;)/<br>B.A(English) ဘွဲ့ရ |
| (၄) | ဒုတိယလက်ထောက်ဦးစီးမှူး<br>(ကွင်းဆင်းလက်ထောက်)<br>(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၃၇) နေရာ | B.Agr.Sc ဘွဲ့ရ/<br>Dip.Agri<br>အောင်လက်မှတ်ရ |
| | စုစုပေါင်း | (၇၁)နေရာ | |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) (၃၁-၁၂-၂၀၂၂)ရက်နေ့တွင် အသက်(၃၀)နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) မဟာဘွဲ့ရပြီးသူများအတွက် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဃ) အနည်းဆုံးလုပ်သက်တစ်ဆက်တည်း(၅)နှစ်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) ကျန်းမာရေးကောင်းမွန်ပြီး ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(စ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း (Removal)၊ ရာထူးခန့်ထားခြင်း အမိန့်စာမှ ပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာကို ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့်အတူ အောက်ပါအထောက်အထားများပူးတွဲလျက် စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၁၅)၊ နေပြည်တော်သို့ (၃-၁-၂၀၂၃)ရက်နေ့အရောက် ပေးပို့လျှောက်ထားရမည်-

(က) အောင်လက်မှတ်မိတ္တူ (လူတွေ့စစ်ဆေးခြင်း ဖြေဆိုသည့်အခါ အောင်လက်မှတ် မူရင်းတင်ပြရန်)

(ခ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်/တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူ (လူတွေ့စစ်ဆေးခြင်း ဖြေဆိုသည့်အခါ အောင်လက်မှတ် မူရင်းတင်ပြရန်)

(ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း သက်ဆိုင်ရာရဲစခန်းမှ ထောက်ခံထားသည့် ပြစ်မှု၊ မှုခင်းကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း

(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ရိုက်ကူးထားသော နောက်ခံအနီရောင် လိုင်စင်ဓာတ်ပုံ(၂)ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားဖော်ပြရန်)

(င) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(စ) ပြင်ပမှလျှောက်ထားသူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ

(ဆ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်းနှင့် ဌာနဆိုင်ရာ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း

၄။ လျှောက်လွှာများကို နေပြည်တော်၊ ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ မူဝါဒ၊ စည်းမျဉ်းနှင့် ဝန်ထမ်းရေးရာဌာနခွဲ၊ ဝန်ထမ်းရေးရာဌာနစိတ်(၇)နှင့် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံးများတွင် ရရှိနိုင်ပါသည်။

၅။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများနှင့် အချက်အလက်များပြည့်စုံစွာ ဖြည့်စွက်ဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၆။ အမှတ်စဉ် (၁)/(၂)/(၃) ရာထူးများအတွက် အရည်အချင်းစစ်ရေးဖြေစာမေးပွဲကို စိုက်ပျိုးရေးတက္ကသိုလ်(ရေဆင်း)တွင် မြန်မာစာ၊ အထွေထွေဗဟုသုတ၊ အင်္ဂလိပ်စာတို့အား မေးခွန်းတစ်ခုလျှင် (၂)နာရီဖြင့် အောက်ပါနေ့ရက်များအတိုင်း ဖြေဆိုရမည်ဖြစ်သည်။ ယင်းရာထူးများအတွက် ရေးဖြေစာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို (၁၃-၁ -၂၀၂၃)ရက်နေ့တွင် နေပြည်တော် ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ မူဝါဒ၊စည်းမျဉ်းနှင့် ဝန်ထမ်းရေးရာဌာနခွဲ၊ ဝန်ထမ်းရေးရာဌာနစိတ်(၇)တွင် ဖြေဆိုမည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားပြသ၍ ရုံးချိန်အတွင်း ထုတ်ယူရပါမည်-

| စဉ် | ဖြေဆိုရမည့်ဘာသာရပ် | နေ့ရက် | အချိန် |
|---|---|---|---|
| (က) | မြန်မာစာ | (၁၄-၁-၂၀၂၃) | (၁၀:၀၀နာရီမှ ၁၂:၀၀နာရီထိ) |
| (ခ) | အထွေထွေဗဟုသုတ | (၁၄-၁-၂၀၂၃) | (၁၃:၀၀နာရီမှ ၁၅:၀၀ နာရီထိ) |
| (ဂ) | အင်္ဂလိပ်စာ | (၁၅-၁-၂၀၂၃) | (၁၀:၀၀နာရီမှ ၁၂:၀၀ နာရီထိ) |

၇။ အမှတ်စဉ်(၄)ရာထူးအတွက် အရည်အချင်းစစ်ရေးဖြေစစ်ဆေးခြင်းကို နေပြည်တော် စာစစ်ဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်စာစစ်ဌာနများတွင် တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်ပါ၍ မိမိတို့ဖြေဆိုမည့် စာစစ်ဌာန(၁)ခုကို ဖော်ပြလျှောက်ထားရမည်ဖြစ်ပြီး အဆိုပါစာစစ်ဌာန၌သာ ဖြေဆိုခွင့်ပြုမည်ဖြစ်သည်။ ယင်းရာထူးများအတွက် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို (၁၄-၁-၂၀၂၃) ရက်နေ့ (နံနက် ၁၀:၀၀ နာရီ)၌ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များပါဝင်သော (၂)နာရီမေးခွန်းဖြင့် ဖြေဆိုရမည်ဖြစ်သည်။

၈။ ယင်းရာထူးများအတွက် ရေးဖြေစာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို (၁၃-၁-၂၀၂၃)ရက်နေ့တွင် တိုင်းဒေသကြီး/ ပြည်နယ်စာစစ်ဌာနများတွင် ဖြေဆိုသူများအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများ၌လည်းကောင်း၊ နေပြည်တော်စာစစ်ဌာနတွင် ဖြေဆိုသူများအနေဖြင့် ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ မူဝါဒ၊ စည်းမျဉ်းနှင့် ဝန်ထမ်းရေးရာဌာနခွဲ၊ ဝန်ထမ်းရေးရာဌာနစိတ်(၇)၌လည်းကောင်း၊ ဖြေဆိုမည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားပြသ၍ ရုံးချိန်အတွင်း ထုတ်ယူရပါမည်။

၉။ ရေးဖြေအောင်မြင်သူများအား လူတွေ့စစ်ဆေးမည့် အစီအစဉ်ကို ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး သိရှိစုံစမ်းလိုပါက စိုက်ပျိုးရေးဦးစီးဌာန Website www.doa.gov.mm နှင့် အပိုဒ် (၁၀)ပါ ဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန၊ တယ်လီဖုန်းအမှတ်-၀၆၇-၄၁၀၃၂၅၊ ၀၆၇-၄၁၀၅၁၇၊ ၀၆၇-၄၁၀၁၄၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

စိုက်ပျိုးရေးဦးစီးဌာန